**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (မတ်လ ၃ ရက်၊ ၂၀၂၀)**

**နေရာ။  ။ MNN Office**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ အထိ**

အစည်းအဝေးသို့ UN အေဂျင်စီ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၂၀)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၅) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ဦးငွေသိန်း (CBI) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

**Discussion Point**

<u>Protection from Sexual Exploitation & Abuse PSEA Network</u>

- PSEA Network အကြောင်းကို UNICEF မှ ကိုအောင်စိန်မြင့်က ရှင်းပြခဲ့သည်။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတာဆီးကာကွယ်ရေး အတွက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းထားသည့်အတွက် သိပ်မကြာသေးကြောင်း၊ UNICEF နှင့် UNFPA တို့က Secretariat တာဝန်ကို ယူထားကြောင်း၊ ၃ လ တကြိမ် အစည်းအဝေးပြုလုပ်ကြကြောင်း၊ အစည်းအဝေးမှာ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်သည့်အတွက်  မြန်မာဘာသာဖြင့် site meeting တခုထပ်မံ၍ ပြုလုပ်လေ့ရှိကြောင်း၊ ရခိုင်၊ ရှမ်းတောင်နှင့် ကချင်တို့တွင်လည်း PSEA Network ကို ဖွဲ့ရန် ကြိုးစားနေကြောင်း၊ ပြစ်မှုကျူးလွန်သူများကို အရေးယူခြင်း၊ အလုပ်လျှောက်ရာတွင် တနေရာမှ တနေရာသို့ ကူးပြောင်း လျှောက်ထားခြင်းကို တားဆီးခြင်းတို့ ပါဝင်ကြောင်း၊ PSEA Network အကြောင်း Guideline များနှင့် အသေးစိတ် အချက်အလက်များကို MIMU website တွင်လည်း တင်ထားကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။
- အစည်းအဝေးတွင် တင်ပြခဲ့သည့် power point slides များကို PDF ဖိုင်ဖြင့် ပေးပို့ပြီး ဖြစ်ပါသည်။

<u>Meeting with iPACE/ World Learning</u>

- ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် iPACE မှ ဒါရိုက်တာများနှင့် MNN အဖွဲ့ဝင်အချို့ အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ MNN ပြန်လည် ဖွဲ့စည်းနေမှုကို စိတ်ဝင်စားကြောင်း၊ အထူးသဖြင့်  Policy Level ချိတ်ဆက်လုပ်ဆောင်မှုများ၊ Advocacy တို့ကို စိတ်ဝင်စားကြောင်း ဦးငွေသိန်းက ပြောကြားခဲ့သည်။ iPACE က ၎င်းတို့ ဖွင့်လှစ်သော သင်တန်းများကို MNN အဖွဲ့ဝင်များကို ပိုမိုပါဝင်စေလိုကြောင်း၊ နောက်ပိုင်းတွင် MNN နှင့် လက်တွဲလုပ်ဆောင်နိုင်သည်များရှိပါက လုပ်လိုကြောင်း ပြောကြားခဲ့သည်။ အစည်းအဝေးတက်ရောက်သူများကလည်း လိုအပ်သည့်သင်တန်းများကို ဆွေးနွေးချက်များကို ဆွေးနွေး အကြံပြုခဲ့ကြောင်း တို့ကို ရှင်းလင်းတင်ပြခဲ့သည်။

<u>CPG-CSO/INGO Work Stream Meeting</u>

- EU ရုံးတွင် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ MNN အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း၊ MNN ၏ ပြန်လည်ဖွဲ့စည်းထားသည့် လက်ရှိအခြေအနေများကို တင်ပြခဲ့ကြောင်း၊ အစည်းအဝေးတွင် အဓိကအားဖြင့် Development Assistant Policy တွင် ပါဝင်သည့် Sector ၁၀ ခု အကြောင်း ဆွေးနွေးခဲ့ကြကြောင်း၊ ဦးစားပေး ၁၀ ခုအစား ၁၃ ခုဖြင့် ပြန်လည်ပြင်ဆင်ရန် FERD က အဆိုပြုထားကြောင်း၊ MSDP နှင့် ကိုက်ညီမှုရှိစေရန် အဆိုပြုချက်တွင် ပါဝင်ကြောင်း၊ Strategic Coordination Group ဟု အမည်ပြောင်းထားကြောင်း၊ စုစုပေါင်း ၁၃ ခုဖြစ်သွားကြောင်း၊ အဆိုပြုချက်အတွက် အကြံပြုချက်များ၊ ဖြည့်စွက်လိုသည်များအတွက် CSO များကို ဖိတ်ခေါ်ထားကြောင်း၊ နောက်တကြိမ် အစည်းအဝေးမတိုင်မီ မိမိတို့ MNN အဖွဲ့ဝင်များက အကြံပြုလိုသည်များကို ဆွေးနွေးထားကြရန်လိုကြောင်း ဦးငွေသိန်းက တင်ပြခဲ့သည်။
- အစည်းအဝေးတက်ရောက်သူများက Sector Lead နှင့် Co-Lead များက Sector အလိုက် ဦးဆောင်ဆွေးနွေးလျှင် ပို၍ အဆင်ပြေနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

**World Bank Watch**

- World Bank ၏ စီမံချက်များကို Civil Societies များ အနေဖြင့် စောင့်ကြည့်သင့်ကြောင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီးနောက် Country Partnership Framework ကို ဆွဲခဲ့ကြောင်း၊ အစည်းအဝေးများကိုလည်း အစိုးရ၊ ယူအန်အဖွဲ့အစည်းများ၊ NGO များ၊ Private Sector, အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြုလုပ်ခဲ့ကြောင်း၊ ကမ္ဘာဘဏ်က လုပ်ငန်းများစွာကို လုပ်ဆောင်နေကြောင်း၊ အစည်းအဝေးများပြုလုပ်ပြီးလျှင် မှတ်တမ်းများကို ပုံမှန် မပေးပို့ကြောင်း၊ ကမ္ဘာဘဏ်ကိုလည်း စောင့်ကြည့်ဖို့ တိုက်တွန်းပါကြောင်း၊ National Electricity Plan ကို ရေးဆွဲနေကြောင်း၊ အစည်းအဝေးတွင် လျှပ်စစ်နှင့်ပတ်သက်၍ အဂတိလိုက်စားကို ဦးစားပေးထိန်းချုပ်ရန် အကြံပေးခဲ့ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

**MCSCGA National Consultation Meeting**

- MCSCGA ၏ အထွေထွေအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စင်ထရယ်ဟိုတယ်၌ ပြုလုပ်ခဲ့ကြောင်း၊ MNN အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြောင်း၊ အမှုဆောင်အသစ်များကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြောင်းနှင့် အမှုဆောင်အသစ်အမည်စာရင်းတို့ကို ကိုရန်နိုင်ဌေးက ပြန်လည် မျှဝေတင်ပြခဲ့သည်။

**MNN Website and Member Profile**

- MNN Website အတွက် Domain ဝယ်ထားပါကြောင်း၊ myanmarngonetwork.org နာမည်ဖြင့် ရသည့်အတွက် ယူထားကြောင်း၊ Website ကိုတော့ ကုန်ကျစရိတ်များသည့်အတွက် မလုပ်နိုင်သေးကြောင်း၊ တနှစ်အတွက် ၁၁ ဒေါ်လာ ကျသင့်ပါကြောင်း၊ အစည်းအဝေး ရန်ပုံငွေဖြင့် ဝယ်ထားကြောင်း၊ MNN အဖွဲ့ဝင်များ Profile နှင့် contact List ကို အချက်အလက်ပြည့်စုံပြီး စနစ်တကျ ဖြစ်စေချင်ကြောင်း၊ အဖွဲ့ဝင်များနှင့် အသစ်ဝင်ရောက်လိုသော အဖွဲ့အစည်းများ ဖြည့်ပေးရမည့် အသင်းဝင်လျှောက်လွှာပုံစံအကြမ်းကို ပြင်ပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည်များ၊ ပြင်ဆင်လိုသည်များကို ရှေ့တပတ်အစည်းအဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း ကိုရန်နိုင်ဌေးက အသိပေးပြောကြားခဲ့သည်။

**ToRs of MNN Sector leads**

- ToR အကြမ်းကို ပေးပို့ထားပါကြောင်း၊ တချို့လည်း အကြောင်းပြန်ထားကြောင်း၊ လိုအပ်သည်များ၊ ဖြည့်စွက်လိုသည်များကို အကြံပြုနိုင်ပါကြောင်း ဦးဌေးသိန်းက ပြောကြားခဲ့သည်။
- Advocacy လုပ်ငန်းများတွင် MNN အနေဖြင့် စုစုစည်းစည်း ဝိုင်းဝန်းလုပ်ဆောင်နိုင်ရန်၊ ကွန်ရက်ကို ဖွံ့စည်းနေစဉ်အတွင်း အဖွဲ့ဝင်များအနေဖြင့် မိမိတို့ စိတ်ဝင်စားသည့်နယ်ပယ်အလိုက် Interest Group များဖွဲ့ပြီး လုပ်ဆောင်ကြလျှင်လည်း အဆင်ပြေကြောင်း ဆွေးနွေးခဲ့ကြသည်။

**Project Cycle Management Training of Equity**

- Project Cycle Management သင်တန်းကို မတ်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ Equity က ဖွင့်လှစ်မှာဖြစ်ကြောင်း၊ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး အီးမေးလ်ဖြင့် ပေးပို့ထားပြီးဖြစ်ကြောင်း၊ စိတ်ဝင်စားသူများ လျှောက်ထားနိုင်ကြောင်း ဒေါ်နိုင်နိုင်ရီက ကြေညာခဲ့သည်။

**PVSWA**

- Networking, Coordination, Cooperation ပိုမိုအားကောင်းစေရန် အစည်းအဝေးသို့ အဖွဲ့အစည်းအသစ်များကို လာစေလိုကြောင်း၊ ဆွေးနွေးပြောကြားစေလိုကြောင်း ဦးဝင်းသိန်းက ပြောကြားခဲ့သည်။ TDH က စီစဉ်သော အားဖြည့်ဆန်နှင့်သက်ဆိုင်သည့် သင်တန်းကို တက်ရောက်ခဲ့ကြောင်း၊ တဆင့်ပြန်လည်မျှဝေပေးလိုကြောင်း၊ သုံးပန်လှအဖွဲ့တွင် တနင်္ဂနွေနေ့တိုင်း အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်နေသူများအတွက် အသိပညာမျှဝေခြင်း အစီအစဉ်ရှိကြောင်း၊ လာရောက်လေ့လာနိုင်ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

**International Conference at Art Hall, Yangon University**

- ဇန်နဝါရီလ ၂၅ ရက်နေ့တွင် International Conference တခုကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း၊ မိမိအနေဖြင့် မြန်မာ့ပညာရေးအကြောင်း စာတမ်းတစောင်ကို တင်ပြဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးပွဲသို့ တက္ကသိုလ်မှ နည်းပြ၊ ကထိက အဆင့် ဆရာ ဆရာမ အချို့သာ တက်ရောက်ခဲ့ကြောင်း၊ တက္ကသိုလ်မှ အကြီးအကဲများ မတက်ရောက်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် ၎င်းတို့၏ စိတ်ပါဝင်စားမှု နည်းပါးသည်ဟု ယူဆမိကြောင်း ဦးအောင်မင်းက တင်ပြခဲ့သည်။

**<u>မတ်လ ၁၇ ရက်နေ့ အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများ</u>**

- ToR for Sector Leads, Discussion for Proposed SCGs, World Bank Watch, MNN Engagement with Government Sector, MNN Membership Application Form

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၇ ရက်နေ့တွင် မြန်မာအန်ဂျီအိုကွန်ရက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။